ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း

# (P168254)

# ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ် (SEP)

(ဆွေးနွေးရန် မူကြမ်း)

ဒီဇင်ဘာလ၊ ၂၀၂၀

## အနှစ်ချုပ်

ဤဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း အစီအစဉ် (Stakeholder Engagement Plan - SEP)၏ ရည်ရွယ်ချက်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) အောက်ရှိ သစ်တောဦးစီးဌာနက (FD) အကောင်အထည်ဖော် ဆောင်ရွက်မည့် အဆိုပြုတင်ပြထားသော မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (FREDIP) တွင် စီမံကိန်းဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း (ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး) ဗျူဟာကို ဖော်ပြထားသည်။ SEP တွင် သတ်မှတ်ထားသည့် မူများနှင့် လုပ်ငန်းများသည် FREDIP လုပ်ငန်း စီမံကိန်း အပိုင်းများအားလုံးကို သက်ရောက်စေရမည်။ စီမံကိန်းတွင် သစ်တောများ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် အဓိက အပိုင်းများ၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၊ သစ်တောကာကွယ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အားကောင်းစေခြင်း နှင့် စီမံကိန်း စီမံခန့်ခွဲမှု၊ အရေးပေါ်အခြေအနေများအား တုံ့ပြန်ဖြေရှင်းသည့် အစီအစဉ်များ ပါဝင်ပါသည်။

SEP သည် FREDIP လုပ်ငန်းစီမံကိန်း ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ အန္တရာယ် အလားအလာများနှင့် သက်ရောက်မှုများအား စီမံခန့်ခွဲမှု စာရွက်စာတမ်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းတို့တွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (Environmental and Social Management Framework - ESMF) နှင့် ယင်း၏ နောက်ဆက်တွဲများ (Annexes)၊ လူမှုဘဝဆိုင်ရာ ဆန်းစစ်ချက် (Social Assessment - SA) နှင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (Environmental and Social Commitment Plan - ESCP) တို့လည်း ပါဝင်သည်။ ESMFသည် အမျိုးမျိုးသော လုပ်ငန်းများကို ဖြည့်ဆည်းပေးရန် ဒီဇိုင်း ရေးဆွဲထားသည်။ ဦးစွာဆိုရသော် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် သစ်တောသယံဇာတများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ အရေးပါမှုကို သိရှိနားလည်နိုင်သည့် အဓိကကျသော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ(E&S) အခြေခံ အချက်အလက်နှင့် အခြေအနေများကို ဖော်ပြထားကာ နိုင်ငံအဝန်း သစ်တောပြုန်းတီးခြင်း နှင့် သစ်တောအဆင့်အတန်း (အတန်းအစား) ကျဆင်းခြင်း၏ အဓိက အကြောင်းရင်းများကိုလည်း ဖော်ပြထားသည်။ ဒုတိယအနေဖြင့် FREDIP လုပ်ငန်း စီမံကိန်းကြောင့် ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) အန္တရာယ်အလားအလာများ နှင့် သက်ရောက်နိုင်မှုများကို ဆန်းစစ်ဖော်ပြထားသည်။ တတိယအနေဖြင့် သတ်မှတ်ဖော်ထုတ်ခဲ့သည့် အန္တရာယ်အလားအလာများနှင့်

သက်ရောက်မှုများကို ဖြေရှင်းရန်၊ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်ရန် နေရာဒေသအလိုက် ဆောင်ရွက်ထားရှိရမည့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများကို စိစစ်သုံးသပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်း အစီအမံများကို ဖော်ပြထားသည်။ စတုတ္ထအနေဖြင့် အဆိုပါ အန္တရာယ်များနှင့် သက်ရောက်မှုများကို အောင်မြင်စွာ စီမံခန့်ခွဲရာတွင် လိုအပ်သော အဓိကကျသည့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုများ၊ အဖွဲ့အစည်း ဖွဲ့စည်းပုံများ နှင့် လူသား နှင့် ဘဏ္ဍာငွေကြေး အရင်းအမြစ်များကို ဖော်ပြထားသည်။ လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း (SA) သည် စီမံကိန်း စတင်ဖော်ထုတ်သည့်အဆင့်တွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် လူမှုဘဝဆိုင်ရာ အန္တရာယ်များကို စိစစ်ကာ ဖော်ထုတ်ထားသည့် ဆီလျော်သက်ဆိုင်သော လူမှုဘဝဆိုင်ရာ အန္တရာယ်အလားအလာ ကိစ္စရပ်များကို လွှမ်းခြုံပါဝင်သည်။ ESCP သည် စီမံကိန်းအနေဖြင့် ကမ္ဘာ့ဘဏ်၏ ဆီလျော်သက်ဆိုင်သော ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များကို သတ်မှတ်ထားသည့် အချိန်အတွင်း လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်သော အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို ဖော်ပြထားသည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ESMF ၊ SA၊ ESCP နှင့် ဤ SEP မူကြမ်းများနှင့် ၎င်းတို့၏ အနှစ်ချုပ် မြန်မာပြန်များကို အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများ အတွက် ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် သစ်တောဦးစီးဌာနဝက်ဘ်ဆိုဒ်www.forestdepartment.gov.mm/ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ စာရွက်စာတမ်းများကိုလည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဒေသဆိုင်ရာ ဆွေးနွေးတိုင်ပင်ပွဲများ (ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် လူချင်းတွေ့ဆုံနိုင်ခြင်းမရှိဘဲ အွန်လိုင်းမှ ဆက်သွယ်ခြင်း နည်းလမ်းဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများ)သို့ တက်ရောက်ရန် ဖိတ်ကြား ထားသူများအားလုံးသို့ ဖြန့်ဝေထားပြီး ဖြစ်သည်။

***ဤစာသည် အပြီးသတ်ထုတ်ဝေသည့်အခါတွင် ထည့်သွင်းမည်ဖြစ်သည်-*** *ဤတိုင်ပင်ဆွေးနွေးပွဲများ၏ ရလဒ်များကို အခြေခံကာ ရေးဆွဲထားသည့် ကမ္ဘာ့ဘဏ်က စိစစ်ထားသော ဤစာရွက်စာတမ်းများ(အပြီးသတ်)ကို သစ်တောဦးစီးဌာန ဝက်ဘ်ဆိုဒ်နှင့် ကမ္ဘာ့ဘဏ် ဝက်ဘ်ဆိုဒ် www.worldbank.org. တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။*

စီမံကိန်း ဒီဇိုင်း သဘောသဘာဝအရ FREDIP လုပ်ငန်းစီမံကိန်းသည် ဆက်စပ်ပတ်သက်သူများ နှင့် ဆက်သွယ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်သော သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ တိုးတက်ရေးကို များစွာ အလေးထားပါသည်။ FREDIP လုပ်ငန်းစီမံကိန်းကို အကောင်

အထည်ဖော်မည့် ဌာနများနှင့် ဒေသခံပြည်သူ တို့အကြား ပူးပေါင်းဆောင်ရွက်မှုရှိစေရန် နှင့် အဆိုပြုထားသော စီမံကိန်းလုပ်ငန်းဆောင်တာများကြောင့် ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များကို လျော့ပါး၊ လျှော့ချရာတွင် ဒေသခံပြည်သူလူထု ပူးပေါင်း ပါဝင်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ခြင်း နှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ပံ့ပိုးသည့် လှည့်ပတ်ရန်ပုံငွေ အသုံးပြုမှု တို့နှင့်ဆက်စပ်၍ ဖြစ်လာနိုင်သည့် အန္တရာယ် အလားအလာများကို ဒေသခံပြည်သူ သတိပြုမိစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား စီစဉ်သော၊ ယဉ်ကျေးမှုအရ သင့်တော်လက်ခံနိုင်သော၊ ပြုလွယ်ပြင်လွယ်ဖြစ်သည့် အသိပညာ မြှင့်တင်ပေးရေး လုပ်ငန်းများ လုပ်ဆောင်ရန် လွန်စွာ အရေးကြီး ပါသည်။

ဤ SEP ကို ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဖြစ် ဖော်ပြထားသော ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင် နှင့်လူမှုရေး ရာ စံသတ်မှတ်ချက် (ESS) ၁၀ နှင့်အညီ ရေးဆွဲပြုစုခဲ့ပါသည်။ ထိုနည်းလမ်းအားဖြင့် စီမံကိန်း အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များ နှင့် ဆောင်ရွက် မည့် လုပ်ငန်းများကြောင့် ထိခိုက်ခံစားရမည့် ပြည်သူများနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များ နှင့် စီမံကိန်း၏ မျှော်မှန်းရလဒ်များ၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် စိတ်ပါဝင်စားသည့်(အကျိုးစီးပွားအရ) အခြားသောသူများနှင့်လည်း နှစ်ဦးနှစ်ဘက် တိုင်ပင် ဆွေးနွေးခြင်းကို သတ်မှတ်၊ ဆက်သွယ်၊ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ SEP ၏ အဓိကပန်းတိုင် များအနက် တစ်ခုသည် စီမံကိန်းကာလတစ်လျှောက် အဓိပ္ပါယ် ပြည့်ဝသည့် ဆက်စပ်ပတ်သက် သူများနှင့်ဆက်သွယ်ညှိနှိုင်းခြင်းကို လုပ်ဆောင်နိုင်စေမည့် လမ်းကြောင်းကို ပုံဖော်ရန်ဖြစ်သည်။ ယင်းသည် ကောင်းမွန်သော စီမံကိန်းစီမံခန့်ခွဲမှု ရှုထောင့်ဘက်မှကြည့်လျှင် မရှိမဖြစ်လိုအပ်သော အရာဖြစ်၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ကိုလည်း ထိခိုက်ခံစားရ မည့် စိတ်ပါဝင်စားသော ဆက်စပ်ပတ်သက်သူများ၏ အတွေ့အကြုံ၊ အသိပညာဗဟုသုတ နှင့် စိုးရိမ်ကြောင့်ကြမှုများမှ လေ့လာသင်ယူနိုင်ရန် နှင့် ဆက်စပ် ပတ်သက်သူများ၏ မျှော်လင့်ထားမှု များကို သိမြင်သဘောပေါက်ကာ ကူညီရန်၊ တတ်နိုင်ပါက စီမံခန့်ခွဲရန် အခွင့်အလမ်းများ ပေးသည်။

FREDIP-SEP သည် ဆက်စပ်ပတ်သက်သူများအနေဖြင့် စီမံကိန်းကို နားလည်သဘောပေါက် စေရန်၊ ၎င်းတို့အပေါ် သက်ရောက်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အဓိပ္ပါယ်ပြည့်ဝသော

နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်နိုင်စေရန် နှင့် စီမံကိန်းတွင် ၎င်းတို့အနေဖြင့် တုံ့ပြန်ချက်နှင့် သွင်းအားစုများ ထည့်သွင်းနိုင်သည့် အခွင့်အလမ်းများ ဖန်တီးနိုင်စေရန် စီမံကိန်း ကာလ တစ်လျှောက် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအတွက် ယေဘုယျ မူဘောင် ကို ဖော်ပြပေးထားသည်။ စီမံကိန်း ရေးဆွဲပြင်ဆင်သည့် အဆင့်မှစ၍ အကောင်အထည် ဖော်သည့် ကာလတစ်လျှောက် SEP တွင် ဖော်ပြထားသော မူများ၊ လုပ်ငန်းစဉ်များ နှင့် အစီအမံများကို အကောင်အထည်ဖော်ရမည်။ SEP သည် ဆက်စပ်ပတ်သက်သူအားလုံးအား စီမံကိန်းအချက်အလက်များကို လက်လှမ်းမီရရှိစေသော၊ နားလည်စေသော၊ အချိန်ကိုက် ဖြစ်သော၊ သင့်တော်သော နည်းလမ်းဖြင့် ဖြည့်ဆည်းပေးထားခြင်းဖြင့် ၎င်းတို့နှင့် အဓိပ္ပါယ် ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို သေချာ ရရှိစေရန် နှင့် စီမံကိန်းလုပ်ဆောင်ချက်စွမ်းရည်အပေါ် တုံ့ပြန်ချက်နှင့် အကြံပြုချက်များ တောင်းခံရန် ကူညီဆောင်ကျဉ်းပေးသည်။

SEP ၏ အပိုင်း ၁ သည် FREDIP လုပ်ငန်းစီမံကိန်း မိတ်ဆက်နိဒါန်း၊ ပေါ်ပေါက်လာပုံ၊ မဟာဗျူဟာကျသော ပန်းတိုင်/ရည်မှန်းချက်များ နှင့် အဓိကအပိုင်းကြီးများကို အကျဉ်းမျှ မိတ်ဆက်ဖော်ပြထားသည်။ အပိုင်း ၂ သည် FREDIP လုပ်ငန်းစီမံကိန်း ရေးဆွဲဖော်ထုတ်ခြင်း အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည့် တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များအားလုံး ကို အကျဉ်းဖော်ပြထားကာ နောက်ဆက်တွဲတွင် မျက်နှာချင်းဆိုင် လူတွေ့ဆွေးနွေးပွဲများ နှင့် SEP ရေးဆွဲပြုစုခြင်း နှင့် စီမံကိန်းတစ်ရပ်လုံး ရေးဆွဲဖော်ထုတ်ရာတွင် အသိပေးဆောင်ရွက် ခဲ့သော တိုင်ပင်ဆွေးနွေးပွဲများအကြောင်းကို အသေးစိတ် ဖော်ပြထားပါသည်။

စီမံကိန်းရေးဆွဲဖော်ထုတ်သည့် ကာလအတွင်း နေရာဒေသ အသီးသီးရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အသုံးပြုသူများအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အစိုးရဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါသည်။ အသုံးပြုသူများအဖွဲ့များ နှင့် ဆွေးနွေးရာတွင် ဒေသဆိုင်ရာ လူမှုစီးပွားအခြေအနေ၊ သစ်တောများသို့ လက်လှမ်းမီ ဝင်ထွက်သွားလာခွင့်၊ သစ်တောအသုံးပြုမှု၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော အဖွဲ့ဝင် သို့မဟုတ် အဖွဲ့ဝင်မဟုတ်သည့် ရပ်ရွာလူထု၏ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု၊ တိုင်းရင်းသား လူမျိုးစုများနှင့် ချန်လှပ်ထားခံရသည့် အားနည်းသော ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် သက်ရောက်မှုများ စသဖြင့် အကြောင်းအရာမျိုးစုံ ပါဝင်ခဲ့ပါသည်။ အခြားအရေးကြီးကိစ္စရပ်များ ကို အကြိုတိုင်ပင်ဆွေးနွေးမှုများပြုလုပ်စဉ်က ဖော်ထုတ်ခဲ့ပါသည်။ ဥပမာ- စီမံကိန်းကို

ကြိုတင်မျှော်မှန်းကာ ဆောင်ရွက်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများအရ အသုံးပြုသူများအဖွဲ့ (CFUG)များစွာရှိ အဖွဲ့ဝင်အများစုသည် ဆင်းရဲကြကာ ၎င်းတို့၏ နေ့စဉ်စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသူများ ဖြစ်သည်ဟု သိထားပါသည်။ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အချိန်နှင့်တပြေးညီ စီမံခန့်ခွဲရာတွင် မကြာခဏ အခက်အခဲ ကြုံတွေ့ ကြရပါသည်။ ထို့အပြင် သဘာဝထိန်းသိမ်းရေးနယ်မြေများ နှင့်စပ်လျဥ်းသော ဆွေးနွေးမှုများအရ အသက်မွေးဝမ်းကျောင်းမှုအတွက် သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်ယူမှုအပေါ် ကြီးမားစွာ မှီခိုနေရရာ ကျေးရွာသား အများစု၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ လုံခြုံ တည်မြဲမှု မရှိသည့် စိုးရိမ်ကြောင့်ကြမှု များရှိနေသည်ကို သိရှိခဲ့ပါသည်။ တိုင်ပင်ဆွေးနွေးမှုများက အမျိုးသားဦးစားပေး ယဉ်ကျေးမှု နှင့် အမျိုးသမီးများသည် အိမ်အလုပ်များနှင့် များစွာ အချိန်ကုန်ကြရမှု စသည်တို့သောကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု နည်းနေသည်ဟုလည်း ညွှန်းဆိုပြသခဲ့ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများသည် ဗမာလူမျိုးများထက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားကာ ပိုမိုတက်ကြွပါသည်။ အပိုင်း ၂ သည် ဆက်စပ်ပတ်သက်သူ များ၏ စိုးရိမ်ကြောင့်ကြမှုများကို အသေးစိတ် ထပ်မံဖော်ပြထားပါသည်။

SEP အပိုင်း ၃ သည် စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူ ဖြစ်လာနိုင်သူများကို ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်များ နှင့် ရလဒ်များအပေါ် စိတ်ပါဝင်စားမှု(အကျိုးစီးပွား) နှင့် ဩဇာလွှမ်းမိုးမှုတို့ကို သိရှိနိုင်ရန် စနစ်တကျ ဖော်ထုတ်ထားပါသည်။ အပိုင်း ၃ သည် ကမ္ဘာ့ဘဏ် ESS 3 အရ သတ်မှတ်ထားသည့် စီမံကိန်းကြောင့် ထိခိုက်ခံစားရသည့်သူများ၊ အခြားစိတ်ပါ ဝင်စားသူ(အကျိုးစီးပွားဆက်စပ်သူ)များ၊အခွင့်မသာသော၊ ထိခိုက်လွယ်သည့် သူများနှင့် အုပ်စု များ အပါအဝင်[1] စီမံကိန်းနှင့် အဓိက ဆက်စပ်ပတ်သက်သူများကို ဆန်းစစ် အကဲဖြတ်ပါသည်။

---

[1] ESS 10 အရ စီမံကိန်းကြောင့် ထိခိုက်ခံစားရသည့်သူများဟူသော စကားရပ်တွင် စီမံကိန်း၏ အမှန်သက်ရောက်မှုများ သို့မဟုတ် ဖြစ်လာနိုင်သည့် အန္တရာယ်များကြောင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ ယဉ်ကျေးမှုဓလေ့များ၊ ကောင်းကျိုးချမ်းသာ သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုများအပေါ် သက်ရောက်ခံစားရဖွယ် ရှိသူများ ပါဝင်သည်။ အဆိုပါဆက်စပ်ပတ်သက်သူများတွင် ဒေသခံပြည်သူများ/ရပ်ရွာလူထုများ အပါအဝင် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အုပ်စုများလည်း ပါဝင်သည်။ အခြားစိတ်ပါဝင်စားသူ (အကျိုးစီးပွား ဆက်စပ်သူ)များ ဟူသော စကားရပ်သည် စီမံကိန်း၏ တည်နေရာ၊ စရိုက်လက္ခဏာ၊ သက်ရောက်မှုများ၊ သို့မဟုတ် အများပြည်သူ အကျိုးစီးပွားနှင့် ဆက်စပ်နေသော ကိစ္စရပ်များကြောင့် စီမံကိန်းနှင့်အကျိုးစီးပွားဆက်စပ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆိုသည်။ ဥပမာ- အဆိုပါသူများတွင် ထိန်းကျောင်းမည့်သူများ၊

FREDIP လုပ်ငန်းစီမံကိန်း၏ လုပ်ငန်းဆောင်တာများနှင့် ပထဝီဒေသဆိုင်ရာ နယ်ပယ်သည် ကျယ်ပြောသည့် သဘောသဘာဝရှိရာ ယင်းတွင် စီမံကိန်းကြောင့် အကျိုးကျေးဇူး ခံစားရသူများဖြစ်စေ၊ ဆိုးရွားစွာ ထိခိုက်ခံစားရသူများဖြစ်စေ တိုက်ရိုက် သက်ရောက်ခံရသည့် အိမ်ထောင်စုများ နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအပါအဝင် အကောင်အထည် ဖော်မည့် အစိုးရအဖွဲ့အစည်းများ၊ ကြီးကြပ်မည့်အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ နှင့် ပုဂ္ဂလိကကဏ္ဍများ စသဖြင့် မျိုးစုံလှသော ဆက်စပ်ပတ်သက်သူများ ပေါင်းစပ်ပါဝင်နေပါသည်။

FREDIP လုပ်ငန်းစီမံကိန်း လုပ်ငန်းဆောင်တာများသည် အထူးသဖြင့် အသက်၊ လိင်၊ တိုင်းရင်းသားလူမျိုး၊ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းအရ မသန်စွမ်းမှု နှင့် စီးပွားရေး အခြေအနေများအရ အရေးမသာ သို့မဟုတ် ထိခိုက်ခံစားလွယ်သည်ဟု ယူဆခြင်းခံရသော လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအတွက် ဆီလျော်မှုရှိရပါမည်။ SEP သည် စီမံကိန်း သက်ရောက်မှုများနှင့် ဆက်စပ်၍ အရေးမသာ သို့မဟုတ် ထိခိုက်ခံစားလွယ်သော အုပ်စုများ၏ စိုးရိမ်ကြောင့်ကြမှုများ နှင့် ဦးစားပေးအရာများကို ဖော်ထုတ်အရေးဆိုရာ၌ ၎င်းတို့၏ စွမ်းဆောင်ရည်ကို လွှမ်းမိုးမှုရှိနိုင်သည့် အမျိုးမျိုးသော အတားအဆီး၊ အဟန့်အတားများ ရှိနိုင်သည်ကို အသိအမှတ်ပြုသည်။ ဥပမာ- အတားအဆီး၊ အဟန့်အတားများသည် တိုင်းရင်းသား လူမျိုး၊ ဘာသာစကား နှင့် လူနည်းစု ကိုးကွယ်သော ဘာသာရေး၊ ဝင်ငွေနိမ့်ပါးသည့် အိမ်ထောင်စုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ သွားလာလှုပ်ရှားနိုင်မှုနည်းသော လူပုဂ္ဂိုလ်များ၊ သို့မဟုတ် မသန်စွမ်းများအတွက် ရှိနေနိုင်ပါသည်။ ထို့ကြောင့် SEP သည် FREDIP လုပ်ငန်းစီမံကိန်း အခြေအနေသဘောသဘာဝနှင့် ဆီလျော်ကိုက်ညီသည့် အဆိုပါအုပ်စုများကို သတ်မှတ်ပေးကာ ထိုသူတို့အား (၁) FREDIP လုပ်ငန်းစီမံကိန်း၏ ဆိုးရွားသော အန္တရာယ်များ နှင့် သက်ရောက်မှုများကို ပိုမိုခံစားရခြင်းမျိုး မရှိစေမည့် (၂) ၎င်းတို့အား စီမံကိန်း အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ပူးပေါင်းပါဝင်ခံစားခွင့်၊ စီမံကိန်း အကျိုးကျေးဇူးများ လက်ခံရရှိလိုသည့် ၎င်းတို့၏ ဆန္ဒများကို ထပ်မံ၍ ဥပေက္ခာပြုထားခြင်းမျိုး ၊ ဖယ်ထုတ်ထားခြင်းမျိုး မဖြစ်စေမည့် သီးခြားအစီအမံများကိုလည်း သတ်မှတ်ပေးသည်။ အပိုင်း ၃ သည် မဟာဗျူဟာကျသော ချဉ်းကပ်မှု/နည်းလမ်းကို ဖော်ထုတ်နိုင်ရန် အခြေခံအဖြစ်သုံးနိုင်မည့် ဆက်စပ်ပတ်သက်သူ အုပ်စုအသီးသီး၏ အမျိုးမျိုးသော လိုအပ်ချက်များကို ဆန်းစစ်သည်။

---

အစိုးရအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍ၊ သိပ္ပံပညာရပ်ဆိုင်ရာ အသိုင်းအဝိုင်း၊ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အခြားသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် ယဉ်ကျေးမှုဆိုင်ရာ အုပ်စုများ ပါဝင်သည်။

အပိုင်း ၃ သည် စီမံကိန်းအပိုင်းများနှင့် သက်ဆိုင်သော စီမံကိန်းဆက်စပ်ပတ်သက်သူများကို မည်သို့သတ်မှတ်ဖော်ထုတ်ရမည်ဆိုသည့် လုပ်ငန်းဆောင်ရွက်ရန်လမ်းညွှန်ကို ဇယားဖြင့် ဖော်ပြထားသည်။ သို့ဖြစ်ရာ စီမံကိန်းလုပ်ငန်းဆောင်တာများကြောင့် ၎င်းတို့ မည်သို့ ထိခိုက်ခံစားရ(သက်ရောက်ခံရ)သည်ကို ပုံဖော်ပေးကာ မတူညီသော စီမံကိန်းအခြေအနေ အမျိုးမျိုးတွင် အရေးပါသည့် အောင်မြင်သော ထောက်ကူမှုများ နှင့် တိုင်ပင်ဆွေးနွေးသည့် နည်းနာများ ဆောင်ရွက်ရန်အတွက် အထိရောက်ဆုံး အခွင့်အလမ်းများကိုလည်း သတ်မှတ်ပေးသည်။

SEP အပိုင်း ၄ သည် စီမံကိန်းက လိုက်နာဆောင်ရွက်ရမည့် တိကျသော ဆက်စပ်ပတ်သက်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအမံများကို ဖော်ပြထားသည်။ ယင်းတွင် စီမံကိန်းအဆင့်တိုင်း၌ ဆက်စပ်ပတ်သက်သူများ ရရှိစေရန် စီစဉ်ပေးထားသည့် သတင်း အချက်အလက်အမျိုးအစားများ၊ အသုံးပြုမည့် ဖြစ်နိုင်သော နည်းနာများ နှင့် တာဝန်ပေးထားသော အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ ဖော်ပြချက် ပါဝင်သည်။ ဤအခန်းသည် သတင်း အချက်အလက်များ ထုတ်ပြန်ခြင်း နှင့် တိုင်ပင်ဆွေးနွေးခြင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အတွက် မဟာဗျူဟာများကို ရေးသားထားသည်။

အခန်း ၅ သည် အဖွဲ့အစည်းဆိုင်ရာ တာဝန်များနှင့် SEP ကို အကောင်အထည်ဖော်ရန် လိုအပ်သော လူ့စွမ်းအား နှင့် ဘဏ္ဍာငွေကြေး အရင်းအမြစ်များကို ခြုံငုံဖော်ပြထားသည်။ အမျိုးသားအဆင့်တွင် စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ (Project Management Unit-PMU)မှတစ်ဆင့် သစ်တောဦးစီးဌာန နှင့် အကောင်အထည်ဖော်မည့်အဆင့်တွင် (Project Implementation Unit-PIU) တို့သည် တိုင်ပင် ဆွေးနွေးခြင်း နှင့် ဆက်သွယ်ညှိနှိုင်းခြင်း လုပ်ငန်းစဉ်များ၊ လုပ်ငန်းစဉ်ကို မှတ်တမ်းတင်ထားရှိခြင်း၊ သင့်လျော်သည့် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ် သေချာစွာထားရှိခြင်း၊ လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေအနေနှင့် တိုးတက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းတို့ အပါအဝင် SEP သတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိပေသည်။

အပိုင်း ၆ သည် အသုံးပြုမည့် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်ကို ဖော်ပြထားသည်။ FREDIP လုပ်ငန်းစီမံကိန်းသည် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်နှင့်ပတ်သက်၍ အီးမေးလ်၊ တယ်လီဖုန်း၊ စာ၊ နှုတ်ဖြင့် တိုင်ကြားခြင်း စသည့် နည်းလမ်းမျိုးစုံဖြင့် နစ်နာမှုတိုင်ကြားချက်များကို ဖော်ထုတ်

နိုင်မည့် အခွင့်အလမ်းပေးသည့် အလွှာစုံ၊ ရှုထောင့်စုံ နည်းလမ်းကို အသုံးပြုမည်။ နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်သည် ဝန်ကြီးဌာန အဆင့် (MONREC-PMU)၊ မြို့နယ်သစ်တောဦးစီးဌာနအဆင့်၊ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးနေကြသည့် ကန်ထရိုက်တာများ နှင့် သက်ဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အပါအဝင် အဆင့်တိုင်းတွင် အသက်ဝင်ရမည်။ SEP အတွက် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်(GRM) တွင် လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အစီအစဉ်များ၊ သဘာဝထိန်းသိမ်းရေး နယ်မြေဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ နေရာပြောင်းရွှေ့ချထားရေးဆိုင်ရာ မူဘောင်များကို အသုံးပြုမှု စသည်ဖြင့် စီမံကိန်း၏ GRM နှင့် ဆက်စပ်စဉ်းစားရမည့် အခြားအခြေအနေများကို ဖော်ပြထားသည်။

အခန်း ၇ သည် သစ်တောဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်သည့် ကာလအတွင်း လိုက်နာရမည့် စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ပြထားသည်။ SEP ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်းသည် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းများကို မှတ်တမ်းထားရုံမက စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ပြုသာပြင်လွယ်ရှိစွာ စီမံခန့်ခွဲရာတွင် လမ်းညွှန်မှုပြုရန်၊ ဖြေရှင်းပံ့ပိုးရန်အတွက် စီမံကိန်းမန်နေဂျာများကို အရေးပါသော တုံ့ပြန်ချက်များပေးရန် ရည်ရွယ်ထားသည့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ SEP သည် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်တွင် ဆက်စပ်ပတ်သက်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ခြင်းကို တောင်းဆိုကာ သစ်တောဦးစီးဌာနသည် စောင့်ကြပ်ကြည့်ရှုရာမှ တွေ့ရှိချက်များ၊ ကောက်ချက်ချမှုများနှင့် သုံးသပ်တင်ပြမှုများကို အမျိုးမျိုးသော ဆက်စပ် ပတ်သက်သူ အုပ်စုများသို့ အချိန်မီ သေချာစွာ ပြန်လည်ဆက်သွယ်ပေးရန် နှစ်ဦးနှစ်ဘက် ဆက်သွယ်နိုင်သည့် နည်းလမ်းကို တည်ထောင်ရန်လိုအပ်သည်။

SEP သည် အမြဲတမ်း မွမ်းမံသွားရမည့် စာရွက်စာတမ်းတစ်ခုဖြစ်ရန် မျှော်လင့်ထားသည်။ ထို့သို့အားဖြင့် စီမံကိန်းမှ ရရှိသည့် သင်ခန်းစာများ နှင့် စီမံကိန်းချဉ်းကပ်မှုနည်းလမ်းများ၏ အကျိုးရှိထိရောက်မှု တို့ကို ထည့်သွင်းစဉ်းစားနိုင်ရန် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း မကြာမကြာ မွမ်းမံပြင်ဆင်ရပေလိမ့်မည်။ စောင့်ကြပ်ကြည့်ရှုခြင်း၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ကမ္ဘာဘဏ်နှင့် သစ်တောဦးစီးဌာနသည် စီမံကိန်းအတွေ့အကြုံများ နှင့်

ဆက်စပ်ပတ်သက်သူများ၏ တုံ့ပြန်ချက်များကို ထည့်သွင်းစဉ်းစားလျက် SEP ၏ နယ်ပယ်အတိုင်းအတာ နှင့် ပါဝင်သော အရာများကို သုံးသပ်ကာ ညှိနှိုင်းပြုပြင်သင့်သည်။